# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 26, 2019 Volume 17, Number 17


**၂၆.၃.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၁၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၃၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၃/ကျပ် |
| CBM Rate | = ၁၅၂၀.၄/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၉.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၅.၉ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၀၅.၃ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၃.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၄၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၇၄ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၄.၀၆ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၃.၇၀ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၀၃၈ကျပ် |

Source: CBM Rate, SFJ Journal

## ဘဏ်လုပ်ငန်းကဏ္ဍ စနစ်တကျ တိုးတက်ရန်၊ ဆောင်ရွက်နိုင်ရန်၊ ဘဏ်များ၏စီ မံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ညွှန်ကြားချက်ငါးရပ် ထပ်မံထုတ်ပြန်

ဘဏ်လုပ်ငန်းကဏ္ဍ စနစ်တကျတိုးတက်ရန်၊ နိုင်ငံတကာ စံနှုန်းများ အတိုင်း ဆောင်ရွက်နိုင်ရန်၊ ဘဏ်များ၏ စီမံခန့်ခွဲမှုတိုးတက် ကောင်းမွန် စေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မတ် ၂၅ ရက်တွင် ညွှန်ကြားချက်ငါးရပ် ဆက်လက်ထုတ်ပြန်သည်။

နိုင်ငံတော်ဗဟိုဘဏ်မှ ဆက်လက်ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက် ငါးရပ်မှာ သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံသတ်မှတ်ချက်များအတွက် ညွှန်ကြားချက် (၈/၂၀၁၉)၊ ဘဏ်၏ ဒါရိုက်တာများဆိုင်ရာညွှန်ကြားချက် (၉/၂၀၁၉)၊ ဘဏ်၏ ပြင်ပစာရင်းစစ်များဆိုင်ရာညွှန်ကြားချက် (၁၀/၂၀၁၉)၊ ဆက်နွှယ်သူများဆိုင်ရာညွှန်ကြားချက် (၁၁/၂၀၁၉)၊ အဓိကကျသည့် အကျိုးစီးပွားများ ရယူခြင်းဆိုင်ရာညွှန်ကြားချက် (၁၂/၂၀၁၉) တို့ဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအား အကောင်အထည်ဖော်ရန် ညွှန်ကြားချက်ငါးရပ်အား ဆက်လက်ထုတ်ပြန်နိုင်ရေးအတွက် တရားဝင် ထုတ်ပြန်ခြင်းမပြုမီ မြန်မာနိုင်ငံစာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့်ပုဂ္ဂလိက ဘဏ်များအား ဖိတ်ကြား၍ ညွှန်ကြားချက် (မူကြမ်း) များ ဖြန့်ဝေခြင်းနှင့် ပဏာမ ရှင်းလင်းခြင်းအခမ်းအနားကို အောက်တိုဘာ ၈ ရက်တွင် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၌ပြုလုပ်ခဲ့သည်။ ယင်းညွှန်ကြားချက် ငါးရပ်နှင့်ပတ်သက်၍ အကြံပြုချက်များကိုလည်း ရယူညှိနှိုင်းရေးဆွဲပြီးနောက် ယခုညွှန်ကြားချက်ငါးရပ်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ရာ လိုက်နာရန် ပျက်ကွက် ပါက ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရအရေးယူ ဆောင်ရွက် ခံရမည်ဖြစ်ပြီး ဥပဒေနှင့်အညီ ဘဏ်အားပြန်လည်တည့်မတ်စေရန် ဆောင်ရွက်ခြင်း၊ သို့မဟုတ် အရေးယူခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းများ၊ စီမံခန့်ခွဲရေး ဆိုင်ရာ ပြစ်ဒဏ်များချမှတ်ခံရမည်ဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ (၂၀၁၆) အရ စည်းမျဉ်းများ၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များ၊ အမှာစာများကို ထုတ်ပြန်လျက်ရှိပြီး ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်း အဓိက စည်းမျဉ်း

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ


ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

များဖြစ်သည် မတည်ငွေရေးလုံလောက်မှုဆိုင်ရာ စည်းမျဉ်း၊ ရရန်ပိုင်ခွင့်အမျိုးအစား သတ်မှတ်ခြင်းနှင့် လျာထားခြင်းဆိုင်ရာ စည်းမျဉ်း၊ ပမာဏကြီးမားသော ကြွေးမြီများဆိုင်ရာ စည်းမျဉ်း၊ ငွေကြေးလွှယ်ကူမှု အချိုးသတ်မှတ်ချက်ဆိုင်ရာ စည်းမျဉ်းများကိုချမှတ်ခဲ့သည်။ ထို့ပြင်ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင် မရှိသည့် ကြွေးမြီများဆိုင်ရာ ညွှန်ကြားချက်ကိုလည်း ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၉ ခုနှစ်အတွင်း ဘဏ်လုပ်ငန်းဝန်ဆောင်မှုနှင့် ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ညွှန်ကြားချက်များ ဆက်တိုက်ထုတ်ပြန်နေပြီး ယခုအချိန်အထိ ညွှန်ကြားချက်ခြောက်ခုထွက်ရှိပြီးဖြစ်သည်။

ဘဏ်များမှ ထုတ်ချေးသော ချေးငွေများအပေါ် ဘဏ်များက တောင်းခံနိုင်သည့်အတိုးနှုန်းများ (Lending Rates) ပြင်ဆင်သတ်မှတ်ခြင်းကိစ္စကို ဗဟိုဘဏ်က ညွှန်ကြားချက်အမှတ် ၁/၂၀၁၉ ဖြင့် ထုတ်ပြန်ခဲ့သည်။ ထို့နောက် ညွှန်ကြားချက်အမှတ် ၂/၂၀၁၉ ဖြင့် ပြည်တွင်းဘဏ်များအား စုစုပေါင်းချေးငွေ၏ ငါးရာခိုင်နှုန်းကို သက်တမ်းသုံးနှစ်ထက်ပိုသည့် အိမ်ရာချေးငွေများ ထုတ်ချေးခွင့်ပြုခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ပြည်တွင်းဘဏ်များရှိ ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင် မရှိသည့်ကြွေးမြီများကို ဖြည့်စွက် မတည်ငွေရင်းအဖြစ် ထည့်သွင်းခွင့်ပြုသော ညွှန်ကြားချက်အမှတ် ၃/၂၀၁၉ ကို ထုတ်ပြန်ခဲ့ပြီး ညွှန်ကြားချက် ၄/၂၀၁၉ ဖြင့် ဂျပန်ယန်းနှင့် တရုတ်ယွမ်တို့အား နိုင်ငံတကာ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများ ဆောင်ရွက်နိုင်သည့် ငွေကြေးများအဖြစ် ခွင့်ပြုခဲ့သည်။ ထို့ပြင် AD လိုင်စင်ရ ဘဏ်များ နိုင်ငံခြားငွေ ရောင်း/ဝယ်သည့်အခါတွင် ဈေးကွက်ကို ခြယ်လှယ်လွှမ်းမိုးမှုများ၊ ထပ်တလဲလဲ ရောင်းဝယ်မှုများနှင့် သတ်မှတ်စည်းမျဉ်း စည်းကမ်းများမလိုက်နာပါက အရေးယူမည်ဖြစ်ကြောင်း ဗဟိုဘဏ်က ညွှန်ကြားချက် ၅/၂၀၁၉ ဖြင့် ထုတ်ပြန် ကြေညာထားသည်။

ထို့ပြင် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် (Authorized Dealer License - AD) ရ ဘဏ်များ နိုင်ငံခြားငွေကြေးများ လိုငွေ/ပိုငွေ အခြေအနေ မဖြစ်ပေါ်ရေး ထိန်းသိမ်းရန်နှင့် လိုငွေ/ပိုငွေကို အဓိက မတည်ငွေရင်း၏ ရာခိုင်နှုန်း ၂၀ ထက် မကျော်လွန်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ညွှန်ကြားချက်အမှတ် ၆/၂၀၁၉ ဖြင့် ထုတ်ပြန်ထားပြီး ယခု မတ် ၂၅ ရက်တွင် ညွှန်ကြားချက်ငါးရပ် ထပ်မံထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါညွှန်ကြားချက် ငါးရပ် ထုတ်ပြန်ခြင်းသည် မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာမှကျင့်သုံးနေသည့် စံနှုန်းများအရ ဆောင်ရွက်နိုင်စေရန်နှင့် ဘဏ်များအတွက် ကောင်းမွန်သော စီမံခန့်ခွဲမှုစနစ် တိုးတက်ဖွံ့ဖြိုးလာစေရန်တို့အတွက် မြန်မာနိုင်ငံဗဟိုဘဏ်၏ စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်၏ ခြေလှမ်းတစ်ရပ် ဖြစ်ကြောင်း  ဗဟိုဘဏ်ကထုတ်ပြန်ထားသည်။

Source: https://news-eleven.com/article/93822

## ပဲဈေးနှုန်း မတည်ငြိမ်မှုများကြောင့် ပဲဂယ်ယူသိုလှောင်မှုနည်းပါးလာ

မတ်ပဲနှင့် ပဲစင်းငုံစတင်ထွက်ရှိချိန်တွင် ဈေးနှုန်းမတည်ငြိမ်မှုနှင့် အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှုထုတ်ပြန်ချက်နောက်ကျ နေခြင်းကြောင့် ပြည်တွင်းပဲကုန်သည်များ ဂယ်ယူသိုလှောင်မှု မပြုလုပ်ရဲသည့် အခြေအနေဖြစ်နေကြောင်း ပဲကုန်သည် များကဆိုသည်။ အိန္ဒိယက တစ်နှစ်တစ်ခါ ပြည်ပက ပဲဘယ်လောက် ဂယ်မယ်ဆိုတာကို မြန်မာ့ပေါ်ချိန်အမီ ထုတ်ပြန်ပေး တာ။ ဒီနှစ်တော့ ဒီထုတ်ပြန်ချက်နဲ့ ပတ်သက်ပြီး ဘာမှကြိုမသိသေးဘူး။ ခါတိုင်းနှစ်ဆိုရင် သိနေရပြီလေ။ ဒီအပေါ်မှာ မူတည်ပြီးတော့ ပဲကို ဈေးဖွင့်ဂယ်ကြ၊ ပြုကြတာဖြစ်တယ်။ ဒါကြောင့် တောင်သူတွေအတွက် အဆင်မပြေသလို၊ ကုန်သည်တွေအတွက် အိန္ဒိယရဲ့မတည်ငြိမ်သေးတဲ့ ဈေးကွက်အခြေအနေရယ် ဘယ်လောက်ဂယ်မယ်၊ မဂယ်ဘူး။ ဂယ်မယ်ဆိုရင်လည်း ကန့်သတ်ကာလအလိုက် ဘယ်လိုရှိမယ်ဆိုတာ စောင့်ကြည့်နေရကြောင်း ဘုရင့်နောင်ရှိ ဂင်းပွဲရုံပိုင်ရှင် ဦးရဲမြင့်ကပြောသည်။

မြန်မာနိုင်ငံမှ ပဲအဓိက ဂယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံ၏ မူဝါဒအပြောင်းအလဲများက တောင်သူများအပေါ်ထိ

ခိုက်မှုရှိသဖြင့် ဂယ်ယူတင်သွင်းမည့် ထုတ်ပြန်ချက်အား အမြန်ဆုံး ထုတ်ပြန်ပေးရန်၊ ပြည်တွင်းရှိ တောင်သူ များပဲစတင်ထွက်ပေါ်ချိန် ထုတ်လုပ်မှုကုန်ကျစရိတ်အောက် မကျဆင်းစေရန်အပါအဝင် နှစ်အလိုက် တောင်သူများ ပြောင်းလဲစိုက်ပျိုးသင့်သည့် သီးနှံအမျိုးအစားများကို အထူးအစည်းအဝေးပြုလုပ်၍ ဆွေးနွေးအဖြေရှာရန် လိုအပ်နေကြောင်း ကုန်သည်များကဆိုသည်။

ပဲစင်းငုံရဲ့ ၉၉ ရာခိုင်နှုန်းကို အိန္ဒိယကိုပို့ပြီးတော့ ထိုင်းဘက်ကို အနည်းငယ်လောက်ပဲပို့ထားနိုင်တယ်။ အိန္ဒိယက ဂယ်မယ်၊ မဂယ်မယ် ဘယ်သူမှသေချာမပြောနိုင်ဘူး။ နောက်ဂယ်မယ်ဆိုရင်လည်း ကန့်သတ်ချက်မျိုးစုံပါလာနိုင်ဖို့ပဲရှိတယ်။ ဒါပေမယ့် တစ်ခုစိတ်အေးရတာက ဒီနှစ်ပဲစင်းငုံစိုက်ဧက ငါးသောင်းလောက်နဲ့ မတ်ပဲတန်ချိန်လေးသိန်းလောက်ထွက်ဖို့မှန်းထားတာဆိုတော့ ဒီထက်မကျော်လွန်ဖို့ပဲလိုအပ်ကြောင်း မန္တလေးရှိဇလပ်ပွဲရုံပိုင်ရှင် ဦးကျော်ဇင်ဦးကပြောသည်။

အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ပဲဂယ်ယူတင်သွင်းမှုကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လမှ စတင်ကာ တန်ချိန် ပမာဏကို ကန့်သတ်ခဲ့သဖြင့် ပြည်တွင်း၌ မတ်ပဲနှင့်ပဲစဉ်းငုံ ဈေးနှုန်းများမှာ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ဝန်းကျင်သို့ ရောက်ရှိခဲ့ရသည်။ ယခုထွက်ရှိနေသည့် ပဲစင်းငုံများသည် အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် သီးနှံအရည်အသွေးပိုင်း ထိခိုက်မှုများရှိနေပြီး၊ ပဲစင်းငုံဈေးနှုန်း မတည်ငြိမ်ခြင်းကြောင့် တောင်သူများ အရှုံးပေါ်နေမှုကို ကာမိစေရန်အတွက် အစိုးရ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် တောင်သူများထံမှ တိုက်ရိုက်ဂယ်ယူပေးနိုင်လျှင် အကောင်းဆုံးအနေအထားဖြစ်ပြီး ကုန်သည်များ၊ အသင်းအဖွဲ့များအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းကဆိုသည်။ ယခုနှစ်တွင် ပြည်တွင်း၌ ပဲစင်းငုံ ၁ ဧက ထွက်နှုန်းသည် ယခင်နှစ်များလောက် မပြည့်မီတော့သဖြင့် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူအား ကွင်းဆင်းနည်းပညာပံ့ပိုးမှုများအား လုပ်ဆောင်ပေးရန် လိုအပ်နေကြောင်းသိရသည်။

**Source: AMIA**

## ပြည်ပသို့ ချုပ်ထည်တင်ပို့မှုနှစ်ဆခန့် တိုးတက်လာ




ပြည်ပအထည်ချုပ်တင်ပို့မှုသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် နှစ်ဆခန့် ပိုမိုတိုးတက်လာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက်အတွင်းဝန်ဦးခင်မောင်လွင်က ပြောသည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ငါးလကျော်အတွင်း ပြည်ပချုပ်ထည် တင်ပို့မှုက ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာသန်း ၉၀၀ကျော် ပိုများသည်ဟုဆိုသည်။

ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင်နိုင်ငံများ၏ အခွန်သက်သာခွင့်ကြောင့် ပို့ကုန်ပမာဏ တိုးတက်နေခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နှင့်နိုင်ငံယှဉ်ပါက မြန်မာနိုင်ငံမှ အထည်ချုပ်ပို့ကုန်ပမာဏကလျော့နည်းသည်။

မြန်မာနိုင်ငံ၏အထည်ချုပ် လုပ်သားငါးသိန်းကျော်တွင် အီးယူသို့တင်ပို့မည့် အထည်များချုပ်လုပ်သည့် လုပ်သားအင်အား ၇၀ရာခိုင်နှုန်းကျော်ရှိကြောင်း အထည်ချုပ်လုပ်ငန်းရှင်အချို့ကပြောသည်။ အီးယူထံမှ GSP အခွင့်အရေးရပြီးနောက် နှစ်စဉ် မြန်မာ နိုင်ငံ၏အထည်ချုပ်ကဏ္ဍတွင် ၃၀ ရာခိုင်နှုန်းခန့် ပုံမှန်တိုးတက်ခဲ့သည်။ ယခုဘဏ္ဍာနှစ်ငါးလကျော်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်ဒေါ်လာခုနစ်ဘီလီယံကျော်အနက် အထည်ချုပ်ပို့ကုန်ပမာဏက ၃၀ ရာခိုင်နှုန်းခန့်ပါဝင်သည်။

မြန်မာနိုင်ငံ၏ပို့ကုန်ပမာဏမြင့်တင်မှုတွင် အထည်ချုပ်ပို့ကုန်က အဓိကဦးဆောင်နေကြောင်း ဦးခင်မောင်လွင်က

ပြောသည်။ မြန်မာနိုင်ငံ၏ကုန်သွယ်မှု လိုငွေပမာဏသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာ တစ်ဘီလီယံကျော် လျော့နည်းသည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ငါးလကျော်တွင် ကုန်သွယ်မှုလိုငွေ ၁ ဒသမ ၈ ဘီလီယံ ခန့်ရှိနေပြီး ယခုဘဏ္ဍာနှစ်ကာလတူတွင် ဒေါ်လာသန်း ၆၇၀ ကျော်သာ ရှိသည်။

**Source: http://www.7daydaily.com/story/152997**

## သကြားဈေးကျဆင်း၊ လာမယ့်နှစ် ကြံစိုက်ဧက လျော့နည်းနိုင်



ယခုနှစ်မှာ သကြားဈေးနှုန်းတွေ ကျဆင်းခဲ့တဲ့အတွက် တောင်သူနဲ့ စက်ပိုင်တွေမှာ အကျိုးအမြတ်နည်းပါးကြသလို လာမယ့်နှစ် ကြံစိုက်ရာသီမှာ ကြံစိုက်ဧက လျော့နည်းသွားနိုင်တယ်လို့ မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းက သိရပါတယ်။ ပဲခူး အရှေ့ခြမ်း သကြား စက်များ ယခုနှစ် ကြံကြိတ်ဝါး ရာသီပြီးဆုံးပါပြီ၊ သကြားဈေး မကောင်းသဖြင့် တောင်သူ၊ သကြားစက်များ အကျိုးအမြတ် နည်းကြပါသည်၊ လက်ကျန်သကြား များပြားတဲ့အတွက် လာမယ့် ကြံရာသီ စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းနိုင်ကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက သူ့ရဲ့လူမှုကွန်ရက် စာမျက်နှာမှာ ရေးသားထားပါတယ်။

၂၀၁၈-၂၀၁၉ ကြံရာသီကတော့ ပြီးဆုံးတော့မှာဖြစ်ပြီး တောင်သူစက်ပိုင် အကျိုးအမြတ်ကတော့ တော်တော် ဆိုးရွားခဲ့တာကြောင့် နောက်လာမယ့် ရာသီအတွက် ဘယ်လိုပြင်ဆင်ထားရမယ်ဆိုတာ လေ့လာသုံးသပ် ဖို့ လိုအပ် တယ်လို့ဆိုပါတယ်။ ယခုနှစ်မှာ တရုတ်နိုင်ငံက သကြားဝယ်ယူမှု ရပ်တန့်ခဲ့ပြီး မြန်မာနိုင်ငံမှာ Re-export သကြား တွေ စုပုံနေသလိုသကြားဈေးနှုန်းကလည်း တစ်ပိဿာ ကျပ် ၁၀၀၀ ကျော်သာ ဈေးရရှိခဲ့တဲ့အတွက် လာမည့် ကြံစိုက်ရာသီမှာ ကြံစိုက်ဧက လျော့နည်းသွားနိုင်တယ်လို့သိရပါတယ်။အရင်နှစ်က သကြားဈေးကောင်းခဲ့တော့ ကျွန်တော်တို့လဲ ကြံစိုက်ဧကတွေတိုးခဲ့ကြတယ်၊အဆင်လဲ ပြေတယ်၊ ဒီနှစ်မှာ သကြားဈေးက တော်တော် လေးဆိုး ခဲ့တော့ နောက်နှစ်အတွက် တော်တော်လေးစဉ်းစားနေရကြောင်း ကြံစိုက်တောင်သူဦးဝင်းဆွေက ပြောပါ တယ်။

ကြံသီးနှံစိုက်ဧကဟာ မြန်မာပြည်စိုက်ပျိုးမြေ စုစုပေါင်းရဲ့ ၁ ဒသမ ၅ ရာခိုင်နှုန်းရှိပြီးတန် ၁၅၀၀ ကနေ တန် ၆၀၀၀ အထိ ကြိတ်ဝါးနိုင်တဲ့ သကြားစက်ကြီး ၂၃ စက်၊ ၁၀ တန်ကနေ တန် ၅၀ အထိ ကြိတ်ဝါး နိုင်တဲ့ သကြားစက်ငယ် ၁၂၉ စက် ရှိတယ်လို့ စာရင်းအရ သိရပါတယ်။ မြန်မာနိုင်ငံမှာ၂၀၁၄-၂၀၁၅ ခုနှစ်က ကြံစိုက် ဧက ၄၄၀၀၀၀ ကျော်စိုက်ပျိုးခဲ့ရာမှာ သကြားတန်ပေါင်း ၄၅၀၀၀၀ ကျော်၊ ၂၀၁၅-၂၀၁၆ ခုနှစ်က ကြံစိုက် ဧက ၃၉၀၀၀၀ ကျော် စိုက်ပျိုးခဲ့ရာမှာ သကြား တန်ပေါင်း ၃၉၀၀၀၀ ကျော်၊ ၂၀၁၆ -၂၀၁၇ ခုနှစ်က ကြံစိုက် ဧက ၄၀၀၀၀၀ ကျော်စိုက်ပျိုးခဲ့ရာမှာ သကြားတန်ပေါင်း ၃၈၀၀၀၀ ကျော်၊၂၀၁၇-၂၀၁၈ ခုနှစ်က ကြံစိုက်ဧက ၄၀၀၀၀၀ ကျော် စိုက်ပျိုးခဲ့ရာမှာ သကြားတန်ပေါင်း၅၀၀၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့ပြီး၂၀၁၈-၂၀၁၉ ခုနှစ်မှာတော့ ကြံစိုက်ဧက ၄၄၀၀၀၀ ကျော် စိုက်ပျိုးခဲ့ကာ သကြားတန်ပေါင်း ၅၀၀၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့တယ်လို့ မြန်မာနိုင်ငံ သကြား နှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းကသိရပါတယ်။

လက်ရှိမြန်မာနိုင်ငံရဲ့ သကြားသုံးစွဲမှုဟာ တစ်နှစ်ကိုသကြားတန်ချိန် ၆၅၀၀၀၀ ခန့် ရှိနိုင်ကြောင်း ခန့်မှန်း တွက်ချက်ထားပြီး လက်ရှိသကြား ထုတ်လုပ်မှုဟာ တန် ၅၀၀၀၀၀ ခန့် ရှိတဲ့အတွက် ပြည်တွင်း စားသုံးမှု အပြည့် ဖြည့်ဆည်းနိုင်ဖို့ တန် ၁ ဒသမ ၅ သိန်းခန့် လိုအပ်နေသေးပြီးမြန်မာပြည်သူတစ်ဦးရဲ့နေ့စဉ် သကြားစားသုံးမှုဟာ ၁၉ ဒသမ ၂၄ ဂရမ် ရှိတယ်လို့ သိရပါတယ်။

**SOURCE: WWW.KUMUDRANEWS.COM/NEWS-32818**

## ကြက်သွန်နီဈေးနှုန်းများ စိုက်ပျိုးစရိတ်အောက်ရောက်ရှိလာသဖြင့် အခြေခံဈေးနှုန်း သတ်မှတ်ပေးရန်တင်ပြ

ဈေးကွက်အတွင်း ကြက်သွန်နီဈေးနှုန်းများ စိုက်ပျိုးစရိတ်အောက်ရောက်ရှိလာသောကြောင့်အခြေခံဈေးနှုန်းတစ်ခု သတ်မှတ်၍ ဝယ်ယူထိန်းညှိပေးရန် အစိုးရသို့ တင်ပြတောင်းဆိုထားကြောင်း မန္တလေးတိုင်းဒေသကြီး ကြက်သွန်ဖြူ ၊ ကြက်သွန်နီနှင့် စားဖိုချောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှသိရသည်။ ကြက်သွန်လှိုင်လှိုင်

ထွက်ရှိနေသည့်ကာလဖြစ်သည့်အပြင် ပြည်ပဝယ်လိုအား မရှိသေးသည့်အတွက် ကြက်သွန်နီဈေးနှုန်းများမှာ ထုတ်လုပ်မှုကုန်ကျစရိတ်ဝန်းကျင်အထိ ကျဆင်းလျက်ရှိနေသည်။

ရန်ကုန်ဈေးကွက်အတွင်း ကြက်သွန်နီဈေးနှုန်း တစ်ပိဿာလျှင်ကျပ် ၄၀၀ မှ ၄၅၀ ဈေးပေါက်ပြီး၊ ပြီးခဲ့သည့်နှစ်ကာလတူအချိန်တွင် ကြက်သွန်နီဈေးနှုန်း တစ်ပိဿာလျှင် ကျပ် ၅၀၀ မှ ၇၀၀ ကြားထိရှိခဲ့ကြောင်းသိရသည်။ ယခင်က မြန်မာ့ကြက်သွန်ကို မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့်စင်ကာပူနိုင်ငံတို့ကို အဓိကဝယ်ယူခဲ့ကြပြီး၊ ယခုနှစ်တွင် တရုတ်နိုင်ငံတခုတည်းကသာ အနည်းငယ်ဝယ်ယူလျက်ရှိသည်။ လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအနှံ့အပြား၌ ကြက်သွန်နီများ စတင်ထွက်ရှိနေပြီဖြစ်ပြီး လာမည့်လများတွင် ကြက်သွန်နီစိုက်ပျိုးရာနေရာများတွင် စုံလင်စွာထွက်ရှိ၍ ဈေးကွက်အတွင်းသို့ ရောက်ရှိလာမည်ဖြစ်သောကြောင့် ဈေးနှုန်းများ ဆက်လက်ကျဆင်းနိုင်သည့် အလားအလာများရှိသည့်အတွက် ကြက်သွန်နီစိုက်ပျိုး ထုတ်လုပ်သူတောင်သူများအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။

ထို့ကြောင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အခြေခံဈေးနှုန်းတစ်ခုသတ်မှတ်၍ ဝယ်ယူထိန်းညှိပေးခြင်း သို့မဟုတ် အခြားအစီအမံတစ်ခုခုဖြင့် ဈေးကွက်ဈေးနှုန်းတည်ငြိမ်မှုရှိစေရန်အတွက် ပံ့ပိုးကူညီပေးရန် တင်ပြထားခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကြက်သွန်နီ စိုက်ဧက(မိုးနှင့်ဆောင်း) ဧက ၄၀,၀၀၀ နီးပါး စိုက်ပျိုးလျက်ရှိပြီး တစ်နှစ်လျှင် ကြက်သွန်နီတန်ချိန် ၁၀ သိန်းနီးပါးထွက်ရှိကြောင်းသိရသည်။

**Source:** http://www.fifthwavenews.com/fwn/42093

## တရုတ်နိုင်ငံသို့ နယ်စပ်မှ ကျွဲ၊နွား တရားဝင်တင်ပို့ ရောင်းချနိုင်မည်ဟုဆို



တရုတ်နိုင်ငံသို့ နယ်စပ်မှ ကျွဲ၊နွားများမကြာမီတရားဝင် တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။ မြန်မာ၊ တရုတ်နှစ်နိုင်ငံအစိုးရတာဝန်ရှိသူများ တိရစ္ဆာန်ရောဂါကင်းရှင်းမှုနှင့်ပတ်သက်ပြီး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးနောက် တရားဝင်တင်ပို့နိုင်မည်ဟု ၎င်းကပြောကြားသည်။

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရန် ညှိနှိုင်းမှုသည် နောက်ဆုံးအဆင့်ရောက်ရှိနေပြီဟုဆိုသည်။ မြန်မာနိုင်ငံမှ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ယူနန်ပြည်နယ်အစိုးရနှင့် ကူမင်းမြို့တွင် သွားရောက်ညှိနှိုင်းထားသည်ဟု ဦးခင်မောင်လွင်ကပြောသည်။ "လက်မှတ်ထိုးပြီးပြီဆိုရင် တရားဝင်သွားလို့ရပါပြီဟု ၎င်းက ပြောသည်။

တရုတ်နိုင်ငံ၏ တရားမဝင် ကုန်သွယ်မှုတားဆီးရေး စီမံချက်ကြောင့် မြန်မာနိုင်ငံမှ ကျွဲ၊ နွား ရောင်းချမှုလုပ်ငန်းများ ၂၀၁၉ ဖေဖော်ဝါရီ စတင်ရပ်ဆိုင်းခဲ့သည်။ ထို့ကြောင့် ယခုရက်ပိုင်းတွင် မူဆယ်မြို့၌ ကျွဲ၊ နွားကောင်ရေများစွာ ပိတ်မိနေကြောင်း ကုန်သည်များက ပြောသည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ငါးလကျော်အတွင်း မြန်မာနိုင်ငံမှ နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ ကျွဲ၊ နွားနှင့် သိုး၊ ဆိတ် အပါအဝင် တိရစ္ဆာန်ထွက်ပစ္စည်း တင်ပို့မှုကန်ဒေါ်လာသန်း ၂၇၀ ခန့် ရှိခဲ့သည်။

တရုတ်နိုင်ငံသည် ကျွဲ၊ နွား အကောင်ရေ နှစ်သိန်းခန့်ကို နယ် စပ်ကုန်သွယ်ရေးဖြင့် တရားဝင်ဝယ်ယူရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံ ကမ်းလှမ်းထားသည်။ တရုတ်နိုင်ငံ စစ်ဆောင်ပန်းနား ပြည်နယ်ခွဲမှ ကုန်သည်များက မြန်မာနိုင်ငံမှ ကျွဲ၊ နွားများ တရားဝင်ဝယ်ယူရန် စိတ်ဝင်စားနေခြင်း ဖြစ်သည်။

ပြည်တွင်း ကျွဲ၊ နွားစားသုံးမှုသည် တစ်နှစ်လျှင် အကောင်ရေ သုံးသိန်းကျော်ရှိပြီး နှစ်စဉ်အကောင်ရေ ခုနစ်သိန်းကျော်ပိုနေသည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောထားသည်။ ၂၀၁၄ ယာယီ တိရစ္ဆာန်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် ကျွဲ၊ နွားအကောင်ရေ ၁၁ သန်းခွဲခန့်ရှိသည်ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနစာရင်းများတွင် ဖော်ပြထားသည်။

ကျွဲ၊ နွားများ ပြည်ပသို့တင်ပို့ခွင့်ပြုခြင်းသည် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရောင်းလိုအားနှင့် ဝယ်လိုအား ဖြစ်ပေါ်နေသော လွတ်လပ်သည့်ဈေးကွက်ကိုဖော်ဆောင်ရန်၊ မွေးမြူရေးတောင်သူများဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် တောင်သူများ၏ အကျိုးစီးပွားပိုမိုကာကွယ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဆိုသည်။ လက်ရှိတွင် တရုတ်သို့ ကျွဲ၊ နွားများ တရားဝင် တင်ပို့ခွင့်မပြုသေးသော်လည်း တရားမဝင်တင်ပို့မှုရှိနေသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1788-cow-buffalo-export.html

## မြန်မာမှ လောဂျစ်စတစ်လုပ်ငန်းမှာ တရုတ် အမြန်ချောပို့လုပ်ငန်းက ရှယ်ယာ၂၅% ဝယ်ယူ

တရုတ်နိုင်ငံမှာ ထင်ရှားတဲ့ အမြန်ချောပို့ လုပ်ငန်းဖြစ်တဲ့ SF Express ရဲ့ မိခင်လုပ်ငန်းကြီးဖြစ်တဲ့ လောဂျစ်စတစ်လုပ်ငန်း SF Holding ကမြန်မာနိုင်ငံမှ လောဂျစ်စတစ်လုပ်ငန်းဖြစ်တဲ့ KOSPA Limited ရဲ့ အစုရှယ်ယာ ၂၅ ရာခိုင်နှုန်းကို အမေရိကန်ဒေါ်လာ ၄ သန်းဖြင့်ဝယ်ယူပြီး ရင်းနှီးမြှုပ်နှံမှု ပြုလိုက်ပါတယ်။ KOSPA Limited မှ အသစ်ထုတ်ဝေ ရောင်းချတဲ့ ရှယ်ယာတွေကို ဝယ်ယူလိုက်တာလည်း ဖြစ်ပါတယ်။ KOSPA Limited ဟာ စင်ကာပူစတော့အိပ်ချိန်းမှာ အမည်ပေါက်လုပ်ငန်းဖြစ်တဲ့ Yoma Strategic Holdings Ltd နဲ့ ဂျပန်ကုမ္ပဏီ Kokubu Group တို့ ဖက်စပ်လုပ်ငန်းအဖြစ် ထူထောင်ထားတဲ့ ကုမ္ပဏီ ဖြစ်ပါတယ်။ အခုဝယ်ယူလိုက်တဲ့ ရှယ်ယာတွေဟာ Yoma Strategic Holdings Ltd ပိုင်ဆိုင်တဲ့ အစုရှယ်ယာတွေ ဖြစ်ပါတယ်။ KOSPA Limited ဖက်စပ်လုပ်ငန်းရဲ့ အစုရှယ်ယာ ၅၀% ကို Kokubu က ဆက်လက်ပိုင်ဆိုင်ထားပါတယ်။

အခုလို Yoma က ရှယ်ယာတွေ ထုတ်ရောင်းလိုက်ပေမဲ့ အမေရိကန်ဒေါ်လာ ၂ သန်းဖိုးကို လုပ်ငန်းမှာ ပြန်လည်ရင်းနှီးမြှုပ်နှံမှာ ဖြစ်ပြီး Kokubu ရဲ့ အစုရှယ်ယာတချို့ကို ဝယ်ယူမယ်လို့ ဆိုပါတယ်။ KOSPA က စိုက်ပျိုးရေးထွက်ကုန်တွေအတွက် အစမှအဆုံး လောဂျစ်စတစ်လုပ်ငန်းပိုင်းကို လုပ်ကိုင်တဲ့လုပ်ငန်းဖြစ်ပါတယ်။ အဲဒါအပြင် ဆေးဝါး၊ တန်ဖိုးနည်း အမြန်ကုန်အောင် ရောင်းရတဲ့ သဘာဝရှိတဲ့ ကုန်စည်တွေ (Fast-Moving Consumer Goods - FMCG)နဲ့ အလုပ်အပ်နှံတဲ့ ကုန်စည်တွေကို လောဂျစ်စတစ်လုပ်ငန်း လုပ်ကိုင်ပေးပါတယ်။ SF Express ဟာ ချောထုပ်တွေ အမြန်ပေးပို့တဲ့လုပ်ငန်းကို တရုတ်ပြည်တွင်းမှာသာမက အမေရိကန်နဲ့ ဂျပန်အပါအဝင် ပြည်ပနိုင်ငံတချို့ တို့ထံသို့ပါ တိုးချဲ့လုပ်ကိုင်လျက်ရှိပါတယ်။ အခုလို SF Holding ပါဝင်လာပြီး ရင်းနှီးမြှုပ်နှံတဲ့အတွက် ကုန်တင်ယာဉ်စီးရေ တိုးချဲ့သွားမှာဖြစ်ပြီး တရုတ်မြန်မာနယ်စပ်ကျော်ဖြတ်ကျော်ကုန်သွယ်မှုမှ အခွင့်အလမ်းများကိုလည်း ရယူသွားမယ်လို့ ဆိုပါတယ်။

မြန်မာ တရုတ်နှစ်နိုင်ငံကုန်သွယ်မှုဟာ နှစ်စဉ် အမေရိကန် ဒေါ်လာ ၁၀ ဘီလျံဝန်းကျင် ရှိပြီး မြန်မာနိုင်ငံ ပြည်ပကုန်သွယ်မှုရဲ့ ၃၀% ဝန်းကျင် ဖြစ်ပါတယ်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဇုန်တွေကို နှစ်နိုင်ငံနယ်စပ်မှာ ထူထောင်သွားဖို့ လုပ်ဆောင်လျက်ရှိတာမို့ ကုန်သွယ်မှုပမာဏ ပိုမိုများပြားနိုင်ဖွယ်ရှိပါတယ်။ စိုက်ပျိုးရေးထုတ်ကုန်များကို အအေးပေးစနစ်ဖြင့် တင်ပို့နိုင်ဖို့ လိုအပ်နေပြီး တရားဝင် ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့နိုင်ဖို့လည်း လိုအပ်တဲ့အပြင် အရောင်းအဝယ် ဈေးသတ်မှတ်တာ၊ ငွေပေးချေပုံတွေကအစ မျှမျှတတဖြစ်ဖို့တော့ လိုနေသေးတယ်လို့ နယ်ခြားကုန်သည်တစ်ဦးက သုံးသပ်ပြပါတယ်။

**Source:**http://www.logisticsguide.com.mm/en/industry-news/local-industry/1698-logistics-share-purchase.html

## ပြည်ပပို့ ကုန် သီဟိုဠ်စေ့ ယခုနှစ်တွင် ဈေးနှုန်းကျဆင်း

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း၌ ယခုအခါသီဟိုဠ်စေ့များ ခူးဆွတ်ရောင်းချနေပြီဖြစ်သော်လည်း ရာသီဥတု အပြောင်းအလဲများကြောင့် အထွက်နှုန်းလျော့နည်းကာ ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း ပုသိမ်မြို့ရှိ သီဟိုဠ်စေ့ လုပ်ငန်းရှင်များထံမှသိရသည်။ သီဟိုဠ်စေ့ကို မတ်လမှဧပြီလအထိ အဓိကခူးဆွတ် ရောင်းချနိုင်သော်လည်း ယခုနှစ်တွင် ရာသီဥတုမကောင်းခြင်း၊ နှင်းခါးရိုက်ခြင်း၊ ပိုးကျခြင်းတို့ကြောင့် သီဟိုဠ်အထွက်နှုန်းကျဆင်းကာ အရည် အသွေးပြည့်မီမှုနည်းပါးလာသောကြောင့် ယခင်နှစ်က လက်ရှိအချိန်တွင် သီဟိုဠ်တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၄၄၀၀ အထိ ရရှိသော်လည်း ယခုနှစ်တွင် ငွေကျပ် ၃၅၀၀ မှ ၃၉၀၀ ခန့်အထိသာရရှိသည့်အပြင် အရောင်းအဝယ်အေးလျက်ရှိသည်။

သီဟိုဠ်စေ့များကို ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်တို့တွင် အဓိက စိုက်ပျိုးကြပြီး ပုသိမ်မြို့ပေါ်၌ ယခင်နှစ်က အဝယ်ဒိုင် ၁၁ ခုရှိသော်လည်း ယခုနှစ်တွင် အဝယ်ဒိုင် ငါးခုဖြင့်သာ သီဟိုဠ်စေ့များ ရောင်းဝယ်လျက်ရှိသည်။ သီဟိုဠ်စေ့ကုန်ကြမ်းကို ရန်ကုန်မြို့သို့တိုက်ရိုက် တင်ပို့ရောင်းချခြင်းအပြင် ကုန်ချော ထုတ်လုပ်သည့် ဒိုင်ခွဲများမှ တစ်နှစ်ပတ်လုံး ကုန်ချောထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိသည့် အပြင် နှစ်ရှည် သီးနှံပင်ဖြစ်သည့်အတွက် အထွက်နှုန်း ကျဆင်းခြင်းကြောင့် သီဟိုဠ်စိုက်ပျိုးသူများ အနေဖြင့် ယခုနှစ်တွင် အခက်အခဲ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**Source:** http://myawady.net.mm/index.php/business/item/41851-2019-03-26-11-25-25

## STOCK EXCHANGE (28.3.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 26th Mar. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | -100 | -1.14% | 8,700 | 8,700 | 8,700 | 780 | 6,786,000 | 27,112,747 | 235,881 |
| MTSH | 00002 | 2,800 | -50 | -1.75% | 2,850 | 2,850 | 2,800 | 1,471 | 4,129,850 | 38,929,150 | 109,002 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 0 | 0 | 10,400,986 | 74,887 |
| FPB | 00004 | 20,500 | -500 | -2.38% | 20,500 | 20,500 | 20,500 | 100 | 2,050,000 | 2,472,053 | 50,677 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 8 | 21,200 | 12,212,906 | 32,364 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 368.30 | -4.31 | -1.16% | 369.72 | 369.72 | 368.30 | 2,359 | 12,987,050 | 5 | 502,811 |

**Index chart**





## Market Overview

As of 10:00 am, 26th Mar. 2019

| MYANPIX | 369.72 ▼ 2.89 |
|---|---|
| Total Volume (shares) | 271 |
| Total Value (MMK) | 3 mil |
| Listed Company | 5 |
| Market Cap. (MMK) | 504,757 mil |

MYANPIX



| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 100 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 20,500 | ▼ 500 |
| TMH | 00005 | 2,650 | ▲ 0 |